**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ လွှတ်တော်သို့ လာရောက်လေ့လာကြသည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး ဦးဆောင်သော ပုလဲရတုစွမ်းအားစု ဂုဏ်ယူဝင့်ကြွားမြန်မာအမျိုးသမီးများအဖွဲ့မှ နိုင်ငံကျော်အနုပညာရှင်များ အဖွဲ့အားတွေ့ဆုံ**

နေပြည်တော် ဇူလိုင် ၂

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် လွှတ်တော်သို့ လာရောက်လေ့လာကြသည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးဦးဆောင်သော ပုလဲရတုစွမ်းအားစု ဂုဏ်ယူဝင့်ကြွားမြန်မာအမျိုးသမီးများအဖွဲ့မှ နိုင်ငံကျော်အနုပညာရှင်များအား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထို့သို့တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က မိမိဒေသအကျိုးကို သယ်ပိုးဆောင်ရွက်ပေးနိုင်သည့် ပုဂ္ဂိုလ်များကို မဲပေးရွေးချယ်၍ စုစည်းထားသည့်နေရာကို လွှတ်တော်ဟု ခေါ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဟူ၍ လွှတ်တော်နှစ်ရပ်ရှိပြီး ပြည်သူ့လွှတ်တော်ဆိုသည်မှာ မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ထားသော ကိုယ်စားလှယ်များပါဝင်ပါကြောင်း၊ အမျိုးသားလွှတ်တော်ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်ထားသူများ ပါရှိပါကြောင်း၊ အရေးကြီးသည့်ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ပေါင်း၍ ပြည်ထောင်စုလွှတ်တော်တွင် ဆုံးဖြတ်ရပါကြောင်း၊ နာယက အဖြစ်တာဝန်ထမ်းဆောင်နေသည်မှာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဖြစ်ပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နောက်လာမည့်နှစ်နှစ်ခွဲမှာ နာယကတာဝန်ကို အလှည့်ကျဆောင်ရွက်ရမှာဖြစ်ပါကြောင်း၊ မဏ္ဍိုင်ကြီးသုံးရပ်သည် အပြန်အလှန်ထိန်းကျောင်းခြင်းဆိုသည်ထက် အမှန်

တကယ်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသားများ၏အကျိုးစီးပွား ဖြစ်ထွန်းရေးကိစ္စရပ်များကို ညှိနှိုင်းတိုင်ပင်ပူးပေါင်းဆောင်ရွက်ရပါကြောင်း၊ မိမိတို့လွှတ်တော်၏ အဓိကတာဝန်မှာ ဥပဒေပြုရေးလုပ်ငန်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် တည်ဆဲဥပဒေ ၄၁၉ ခုရှိပြီး မြန်မာဘာသာဖြင့် ပြဋ္ဌာန်းထားသည့်ဥပဒေများအပြင် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသည့် ဥပဒေပေါင်း တစ်ရာကျော်မှပြင်ဆင် ဖြည့်စွက်စရာများကို စိစစ်လေ့လာသုံးသပ်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အွန်လိုင်းလိမ်လည်မှုဆိုင်ရာ တိုက်ဖျက်ရေး ဥပဒေကြမ်းကို ဆောလျင်စွာ ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် သာမန် ပြည်သူတစ်ဦးတစ်ယောက်အနေဖြင့် မိမိရပ်ရွာဒေသဖွံ့ဖြိုး တိုးတက်ရေးကိစ္စရပ်များကို တင်ပြမည်ဆိုလျှင် အခက်အခဲရှိနိုင်သည့်အတွက် မိမိတို့ကိုယ်စား ဆန္ဒမဲပေးရွေးချယ်ပြီး တင်မြှောက်လိုက်သည့် လွှတ်တော်ကိုယ်စားလှယ်က လွှတ်တော်မှတစ်ဆင့် သက်ဆိုင်ရာသို့ မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းဖြင့် ဆောင်ရွက်နိုင်ပါကြောင်း၊ ပြည်သူ့လွှတ်တော်တွင် ဖွဲ့စည်းထားသည့် ကော်မတီ ၂၂ ခုရှိပြီး အဆိုပါ ကော်မတီများမှလည်း သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာနများနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်နိုင်အောင် ဖွဲ့စည်းထားရှိခြင်းဖြစ်ပြီး လွှတ်တော်အတွင်း ကတိကဝတ်ပြုထားသည့် မေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်း၍လည်း အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီမှ ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း၊ ယခု လာရောက်သည့် အဖွဲ့အနေဖြင့်လည်း မိမိတို့ ပတ်ဝန်းကျင်ရှိ အခက်အခဲနှင့်ကြုံတွေ့နေရသောကိစ္စရပ်များနှင့်စပ်လျဉ်းပြီး စိတ်စေတနာ အရင်းခံဖြင့် လွှတ်တော်မှတစ်ဆင့် တင်ပြ၍ရနိုင်ပါကြောင်း ပြောကြားသည်။

လေ့လာရေး လာရောက်သူများမှ ရုပ်ရှင်အနုပညာလောက မြှင့်တင်နိုင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကျောင်းများတွင် ရောင်းချနေသည့် ကျန်းမာရေး ညီညွတ်မှု

အားနည်းသည့်အမှတ်တံဆိပ် စားသောက်ကုန်ပစ္စည်းများကို ထိရောက်စွာ တားဆီးကာကွယ်နိုင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး တင်ပြကြသည်။

တင်ပြချက်များကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မှတ်တမ်းထားရှိပြီး ပြည့်ပြည့်စုံစုံ ဆွေးနွေးနိုင်ရေးအတွက် အချိန်ကာလတစ်ခုသတ်မှတ်ဆောင်ရွက်နိုင်လျှင် ပြည့်စုံကောင်းမွန်ပါကြောင်း ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး၊ ရုပ်ရှင်အစည်းအရုံး အနုပညာရှင်များ တက်ရောက်ကြသည်။